# မြတ်ဗုဒ္ဓ၏အဆုံးအမ

နှင့်

# သတ္တလောကပေါပန်ဆင်းရှင်



အချိန်တိုင်း တွေးနေရင်း ဘဝပြောင်းနေသည်

အရှင်ဝေပုလ္လဓိက(ဂိုင်းလေးဆရာတော်)

# ■ ပုံနှိပ်မှတ်တမ်း ■

# မြတ်ဗုဒ္ဓ၏အဆုံးအမ (နှင့်) သတ္တလောက၏ဖန်ဆင်းရှင်


မြဝတီစာစဉ်(၆)

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၂၀၃၉၀၀၆၀၆ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၂၃၇၁၀၆၀၆ |
| ပုံနှိပ်ခြင်း | - | တတိယအကြိမ် (၂၀၁၁ ခုနှစ်၊ ဇူလိုင်လ) |
| အုပ်ရေ | - | ၂၀၀၀ |
| တန်ဖိုး | - | |
| ထုတ်ဝေသူ | - | ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး |
| စာစီ/ဒီဇိုင်း | - | မြဝတီစာပေတိုက် ကွန်ပျူတာအဖွဲ့ |

မြဝတီစာပေတိုက်၊ အမှတ်(၁၅)တပ်မြေ ၁၅ ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးက ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၇၄၂၅) ဖြင့် ပုံနှိပ်၍ ထုတ်ဝေသူမှတ်ပုံတင်အမှတ်(၀၃၇၅၅)ဖြင့် ဖြန့်ချိထုတ်ဝေသည်။

ပိုင်းလော့ဆရာတော်

အရှင်ဇေယျပဏ္ဍိတ

၏

# မြတ်ဗုဒ္ဓ၏အဆုံးအမ

နှင့်

# သတ္တလောက၏ဖန်ဆင်းရှင်

# စာအုပ်ပြုစုသူ၏ ဥယျောဇဉ်

ဆရာတော်ဘဒ္ဒန္တဇေယျပဏ္ဍိတ(ပိုင်းလော့ဆရာတော်) မိုးညှင်းသိင်္ဂီကျောင်း၊ အမှတ်(၂)လမ်းမကြီး၊ (၁၆) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း ဟောကြားခဲ့သော "ကံနှင့်ကံအကျိုးပေး တရားတော်"အား ရေးသားပြုစုထားခြင်းဖြစ်ပါသည်။

"အူမတောင့်မှ သီလစောင့်နိုင်မည်"ဟူသော အရပ်စကားအရ လောကီစည်းစိမ်ပြည့်စုံမှသာ ဒါန၊ သီလ၊ ဘာဝနာ ပွားများအားထုတ်မှုအား ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်သည် သတ္တဝါတို့အား လောကုတ္တရာချမ်းသာဖြစ်သည့် နိဗ္ဗာန်ရောက်ရှိရေးတရားတို့အား ဟောကြားဆုံးမခဲ့သည့်အပြင် လူသားအားလုံးအတွက် နေအိမ်တိုက်တာ အဆောက်အအုံ၊ ငွေကြေးဥစ္စာစည်းစိမ်၊ အစားအစာ၊ အဝတ်အထည်၊ ကျန်းမာရေးစသည် လောကီစည်းစိမ်အားလုံး ပြည့်စုံနိုင်ရေးအတွက်လည်း "ကံနှင့်ကံအကျိုးပေးအားလုံးယုံကြည်ခြင်း(ကမ္မဿကတာသမ္မာဒိဋ္ဌိ) တရား"တို့ဖြင့် လမ်းညွှန်ဟောကြားဆုံးမခဲ့ပါသည်။

လူသားအားလုံးအတွက် လောကီစည်းစိမ်ပြည့်စုံ

နိုင်ရေးအတွက် "ဖန်ဆင်းရှင်"အစစ်သည် မည်သူဖြစ်သည်။ မည်ကဲ့သို့ဆောင်ရွက်ရမည် စသည်တို့အား အမှန်သိမြင်မှသာ ချမ်းသာခြင်းတို့နှင့် ပြည့်စုံနိုင်မည်ဖြစ်ပါသည်။ လောကီချမ်းသာပြည့်စုံမှသာ လောကုတ္တရာချမ်းသာရရှိရေးပွားများအားထုတ်နိုင်ကြမည်ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်၏ အခြေခံအကျဆုံးတရားတော်ဖြစ်သည့် ကံနှင့်ကံအကျိုးပေးအား ယုံကြည်ခြင်းတရားတော်၌ ကာယကံ၊ ဝစီကံ၊ မနောကံဟူသောကံသုံးပါးသည် စေတနာဖြစ်သည်။ စေတနာ၌ အပေးစေတနာနှင့် အယူစေတနာ(၂) မျိုးရှိပါသည်။ အပေးစေတနာသည် ပုည(ကောင်းမှုကုသိုလ်)ဖြစ်ပြီး အယူစေတနာသည် အပုည(မကောင်းမှုအကုသိုလ်) ဖြစ်ပါသည်။ ပုညနှင့်ပြည့်စုံပါက ချမ်းသာ(ကျေနပ်နှစ်သက်ခြင်း)ကိုရရှိနိုင်ပြီး အပုညသတ္တဝါများပါက ဆင်းရဲခြင်း(တောင့်တမပြည့်ခြင်း)နှင့် ကြုံတွေ့ရမှာဖြစ်ပါသည်။ အပေးစေတနာ (ပုညဓာတ်)ကုသိုလ်တရားသည် လောကီချမ်းသာပြည့်စုံစေ နိုင်သော မိမိဘဝဝယ် "ဖန်ဆင်းရှင်"အစစ်ဖြစ်သည်ကို သိမြင်နိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါသည်။

**ကျော်ကျော်ဦး**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ကံနှင့်ကံအကျိုးပေးအားယုံကြည်ခြင်း (ကမ္မဿကတ - သမ္မာဒိဋ္ဌိ) | ၁ |
| ၂။ | သမိုင်းကြောင်းအကျဉ်း | ၅ |
| ၃။ | "ကံ"ဆိုသည်မှာ | ၇ |
| ၄။ | "ကံ"၏အဓိပ္ပာယ် | ၉ |
| ၅။ | စေတနာ၊ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ | ၁၁ |
| ၆။ | "ချမ်းသာ"၏ အသမုတ်ခံသဘောတရား | ၁၃ |
| ၇။ | "ပုည"ဆိုသော ကောင်းမှု | ၁၉ |
| ၈။ | ပုညနှင့် စေတနာ၏ဆက်စပ်မှု | ၂၃ |
| ၉။ | စေတနာရဲ့မြစ်ဖျား | ၂၇ |
| ၁၀။ | ရှင်စူဠနာဂရဟန်း၏ ဘဝပုံရိပ် | ၃၁ |
| ၁၁။ | လောကသတိဿရဟန်း၏ဘဝအကြောင်း | ၄၁ |
| ၁၂။ | အစ၊ အလယ်၊ အဆုံး စေတနာ | ၅၃ |
| ၁၃။ | ပဒုမဒေဝီ၏ ဘဝဇာတ်ကြောင်း (အလယ်စေတနာ၏အကျိုး) | ၅၅ |
| ၁၄။ | ခန္တီဝါဒနှင့် "ကံ"သတ္တိကိန်းပုံ | ၆၃ |

၁၅။ မောဟာသတ္တိနှင့်ပညာသတ္တိဖြစ်ပေါ်ရခြင်း အကြောင်းရင်း ၆၇
၁၆။ စေတနာ အဆိုးအကောင်းဖြစ်ပေါ်ခြင်း ၆၉
၁၇။ ဗုဒ္ဓမြတ်စွာဘုရား၏ ပါရမီ(၁၀)ပါးဖြည့်ကျင့်ပုံ ၇၃

၁၈။ ဗြဟ္မဏဝါဒနှင့် ဗေဒင်ပညာတို့ ထိုးဖောက်ဝင်လာခြင်း ၇၇
၁၉။ ဗေဒင်ပညာ၏ အစ ၈၃
၂၀။ ဂြိုဟ်ညံ့ရင် ဘာလုပ်ကြမလဲ ၈၇
၂၁။ လောကီချမ်းသာအတွက် ဘာတွေ လုပ်ကြရမလဲ ၉၅
၂၂။ ငွေကြေးပြည့်စုံစေခြင်းအကြောင်း ၁၀၁
၂၃။ အဝတ်အထည် ပေါ်များစေခြင်းအကြောင်း ၁၀၅
၂၄။ နေအိမ်အတွက် ဒါနပြုပုံ ၁၀၉
၂၅။ "အာရောဂျ ပရမ လာဘာ" ပြည့်စုံစေခြင်း ၁၁၁
၂၆။ "ဆုပ်ရင် ကွဲတယ်၊ ကြဲရင် လုံးတယ်" ဆိုသော ဆိုရိုးစကား ၁၁၅
၂၇။ ဗုဒ္ဓမြတ်စွာဘုရားအား ပူဇော်ခြင်း၏အကျိုး ၁၁၉
၂၈။ လောကသုံးပါး၏ ဖန်ဆင်းရှင်အစစ် ၁၂၃

## ကံနှင့်ကံအကျိုးပေးအားယုံကြည်ခြင်း
## ကမ္မဿကတ သမ္မာဒိဋ္ဌိ
## နမော တဿ ဘဂဝတော အရဟတော
## သမ္မာ သမ္ဗုဒ္ဓဿ

ဗုဒ္ဓမြတ်စွာဘုရားသခင်၏ သာသနာ၌ ဟောကြားသင်ပြ စရာအနေဖြင့် အခြေခံအားဖြင့် အပိုင်း(၆)ပိုင်း ရှိပါတယ်။ နံပါတ်(၁) အခြေခံတရားတော်သည် ကံနှင့် ကံအကျိုး ပေးတရား ကို ယုံကြည်ခြင်းဆိုတဲ့ ကမ္မဿကတ သမ္မာဒိဋ္ဌိ

ဖြစ်ပါတယ်။ ကျန်တဲ့အပိုင်း(၅)ပိုင်းကိုတော့ ဝိပဿနာအပိုင်းမှာ သင်ကြားပေးပါ့မယ်။ ဒီနေ့သင်ကြားမယ့်တရားကတော့ အခြေခံအကျ ဆုံးဖြစ်တဲ့ ကမ္မဿကတ သမ္မာဒိဋ္ဌိ(ကံနှင့် ကံ၏ အကျိုးပေးအားယုံကြည်ခြင်း)ကို သင်ကြားမယ်လို့ စိတ်ကူးထားပါတယ်။

ဒီခေတ် ဒီကာလမှာ ကံနှင့်ပတ်သက်လို့ ပြောဆိုကြတဲ့အခါမှာ လူတော်တော်များများဟာ ကံကို ရှေ့တန်းမှာမထားကြဘဲ နောက်ကိုပို့နေတာ တွေ့ရပါတယ်။ ကံကိုချည်းမယုံပါနှင့်၊ ဉာဏ်နှင့် ဝီရိယကိုလည်း အားကိုးပါအုံး၊ "ကံကိုယုံဆူးပုံမနင်းပါနှင့်"စသည်ဖြင့် ကံကို ပစ်ပယ်ပြီးတော့ကာ နောက်တန်းကိုပို့ပြီး ပြောဆိုနေကြတာကို တွေ့ရတယ်။ ဘုရားရှင်ဟောကြားတော်မူခဲ့တာက "ခပ်သိမ်းကုန်သော သတ္တဝါတို့သည် "ကံ"ကိုပင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။ "ကံ"၏အမွေခံဖြစ်၏။ "ကံ"သာလျှင် အကြောင်းရှိ၏။ "ကံ"သာလျှင် အဆွေအမျိုးရှိ၏။ "ကံ"သာလျှင် ကိုးကွယ်မှီခိုရာရှိ၏။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိပြုမိသောကံ၏ အမွေခံသာဖြစ်ရပေမည်"လို့ ဟောကြားခဲ့ပါတယ်။ ဒီနေရာမှာ တစ်ခုပြောကြားလိုတာကတော့ ဘုရားရှင်တို့ဟောကြားတော်မူခဲ့တဲ့

စကားတို့မည်သည်မှာ "လိုတယ်ဆိုပြီးတော့ ဖြည့်စွက်နိုင်တဲ့ ပုဂ္ဂိုလ်၊ ပိုတယ်ဆိုပြီးတော့ နုတ်ပယ်နိုင်တဲ့ပုဂ္ဂိုလ်"ကို ငါဘုရားရှင်သည် ဤစကြဝဠာ လူလောက၊ ဗြဟ္မာလောက၊ နတ်လောကမှာ မရှိနိုင်ဘူးလို့ အမိန့်ရှိခဲ့ဖူးပါတယ်။ ယခုခေတ်မှာ အချို့အချို့ပညာရှင်များသည် စေတနာလွန်ကဲပြီး "ကံ"ကိုချည်း မယုံပါနှင့်။ ဉာဏ်၊ ဝီရိယပေါင်းပါလို့ ပြောနေကြတာဖြစ်ပါတယ်။ အဲဒီအတွက် ဘုန်းကြီးတို့အနေနဲ့ မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ "ကံ"ဆိုတဲ့စကားကို နားလည်အောင်ကြိုးစားဖို့ အထူးလိုအပ်ပါတယ်။ ဒီနေရာမှာ "ကံ"အကြောင်းကို မပြောခင်မှာ သမိုင်းကြောင်းကို သုံးသပ်ကြည့်ရမှာ ဖြစ်ပါတယ်။

"လက်ရှိပစ္စုပ္ပန်သည် အတိတ်ကိုချေဖျက်၍
အနာဂတ်ကိုလည်းတာဝန်ယူပါသည်"

ယောဆရာတော်ဘုရားကြီး

× × × ×

အနာဂတ်နှင့်ပတ်သက်၍
နည်းနည်းလေး လောကဓံကြုံလာပြီဆိုရင်ဖြင့်
ကြောက်လန့်တကြားနဲ့ အားကိုးရှာကြတယ်။
ဗေဒင်ဆရာဆီသွားကြ၊ နတ်ဆရာတွေဆီသွားကြ
စသည်ဖြင့် အားကိုးရှာကြတဲ့သူတွေများတယ်။

# သမိုင်းကြောင်းအကျဉ်း

ဘုရားပွင့်တော်မူခဲ့တဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၄၀ ကျော် ကာလကို ပြန်ကြည့်မယ်ဆိုရင် ဘုရားမပွင့်မီကာလ မဇ္ဈိမဒေသ မှာ တခြားအယူဝါဒရှိတဲ့ ဂိုဏ်း(၆)ဂိုဏ်းနဲ့ ပညာရှင်ဆိုတာ တွေ ထွန်းကားခဲ့တာ တွေ့ရပါတယ်။ ဘုရားမပွင့်မီကာလမှာ လူသားတွေသည် အနာဂတ်နဲ့ ပတ်သက်လို့ လျှောက်လှမ်း ရတာ လမ်းပျောက်သလို ဖြစ်နေကြတယ်။ အဲဒီအတွက် အားကိုးရှာကြတယ်ပေါ့။ နည်းနည်းလေး လောကဓံကြုံလာပြီ ဆိုရင်ဖြင့် ကြောက်လန့်တကြားနဲ့ အားကိုးရှာကြတယ်။ ဗေဒင် ဆရာဆီ သွားကြ၊ နတ်ဆရာဆီသွားကြစသည်ဖြင့် အားကိုး

ရှာကြတဲ့ သူတွေများတယ်။ အဲဒီလို အားကိုးရှာကြတဲ့ပုဂ္ဂိုလ်များသည် ဘာကြောင့်လဲဆိုရင် ဘုရားရှင်ဟောကြားတော်မူတဲ့ "ကမ္မဿ ကတာ သမ္မာဒိဋ္ဌိ" (ကံနှင့် ကံအကျိုးပေးကို ယုံကြည်ခြင်း)ဉာဏ် သူတို့မှာ မရှိလို့ဆိုတဲ့အဖြေကို ရကြမှာဖြစ်တယ်။ ဘုရားရှင် ပွင့်တော်မူတဲ့အချိန်မှာတော့ "ကံနှင့် ကံအကျိုးပေးကို ယုံကြည်ခြင်း"ဆိုတဲ့ အမြင်မှန်ရလာကြပြီး အခြားဂိုဏ်း(၆) ဂိုဏ်းကို အားကိုးမှုမရှိကြတော့ဘူး။ အဲဒီအတွက် အခြားဂိုဏ်း (၆)ဂိုဏ်းမှာ လာဘ်လာဘရှားပါးထိခိုက်လာကြတယ်။

■

# "ကံ"ဆိုသည်မှာ

မြတ်စွာဘုရားရှင်ရဲ့ သာသနာမှာ အခြေခံအကျဆုံးတရားသည် "ကမ္မဿကတ သမ္မာဒိဋ္ဌိဉာဏ်"ဖြစ်ပါတယ်။ ဒီတော့ကာ "ကံ"ဆိုတဲ့စကားနဲ့ပတ်သက်လို့ ပထမဦးဆုံးရှင်းအောင် ဘုန်းကြီးက မေးပါမယ်။ "ကံ"ဆိုတာ ဘာကိုပြောတာလဲလို့ ဘုန်းကြီးမေးတာကို ကိုယ့်စိတ်ထဲမှာကိုယ်ဖြေထားကြပါ။ "ကံ"နဲ့ပတ်သက်လို့ရှိရင် ဘာမှမလုပ်ဘဲနဲ့ အင်အားတစ်ခုက လာပေးသယောင်ယောင် မမြင်ရတဲ့ အင်အားတစ်ခုလို့ တော်တော်များများက မြင်နေကြတယ်။

ကမ္မ(ပါဠိ) ကမ် ကံ

ကံ = ပြုလုပ်ခြင်း

ကံ(၃)မျိုး
- မနောကံ
- ဝစီကံ
- ကာယကံ

အချိန်တိုင်းတွေးနေသည့်လူသားအားလုံး
မနောကံမြောက်နေကြတယ်။
သို့ဖြစ်ပါ၍ ကံသုံးပါးတွင် မနောကံသည်
အားအကြီးဆုံးဖြစ်ပါတယ်။

ကောင်းတဲ့ပြုလုပ်မှုကံကြောင့် ကောင်းကျိုးရပါတယ်။
မကောင်းတဲ့ပြုလုပ်မှုကံကြောင့် မကောင်းကျိုးရမယ်ဆို
ရှင်းရှင်းလင်းလင်း နားလည်ထားရမှာဖြစ်ပါတယ်။

# ကံ၏အဓိပ္ပာယ်

တကယ်တော့ “ကံ”ဆိုတဲ့စကားလုံးပေါ်မှာပဲ သုံးသပ်ကြရအောင်။ ကကြီးသေးသေးတင် ကံလို့ရေးကြတယ်။ ဒီသေးသေးတင်သဒ္ဒါဟာ ဘယ်က လာသလဲဆိုရင်“မ”သဒ္ဒါကလာတယ်လို့ မှတ်ပါ။ (ကံ = ကမ်က ဆင်းသက်လာတာဖြစ်တယ်။) အပြည့်အစုံ ပါဠိလိုရေးတဲ့အခါမှာ ကမ္မလို့ရေးပြီး “ပြုလုပ်ခြင်း”လို့ မှတ်ကြပါ။ ပြုလုပ်တဲ့နေရာမှာ “ကံ”ဟာ မိမိတို့သန္တာန်မှာ သုံးပိုင်းရှိပါတယ်။ ပြောပြလိုက်ရင် အားလုံးသိပါလိမ့်မယ်။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုပြီး သုံးမျိုးရှိပါတယ်။ အဲဒီသုံးမျိုးမှာ ဘယ်“ကံ”ဟာ အားအကြီးဆုံးလဲဆိုတာ ဖြေကြည့်ကြပါ။ အားအကြီးဆုံးသည် မနောကံလို့မှတ်ကြပါ။ မနောကံမှာ မနော+ ကံ(နှစ်)ခုပေါင်းထားတာဖြစ်ပါတယ်။ မနော = စိတ်၊ ကံ = ပြုလုပ်ခြင်းဖြစ်တဲ့အတွက်

စိတ်နဲ့ ပြုလုပ်စီမံတာတွေအားလုံး သည် “ကံ”ပဲဖြစ်ပါတယ်။ လူတိုင်းသည် နေ့စဉ်နှင့်အမျှ အချိန်တိုင်း၊ အချိန်တိုင်းမှာ “ကံ”မြောက် နေကြတယ်ဆိုတာ မှတ်သားကြရမယ်။ အဲဒီနေရာမှာ ကောင်းကံ၊ မကောင်းကံဆိုတာတွေ ပါလာကြမယ်။

“ကံကိုချည်း မယုံပါနှင့်၊ ဉာဏ်၊ ဝီရိယ ပေါင်းပါအုံး”၊ “ကံကိုချည်း မယုံပါနှင့်၊ ဉာဏ်၊ ဝီရိယကိုလည်း အားကိုးပါအုံး”၊ “ကံ၊ ဉာဏ်၊ ဝီရိယ ဆုံမှဖြစ်မယ်”ဆိုတဲ့ စကားတွေဟာ ကံနှင့် ဉာဏ်၊ ဝီရိယကို တသီးတခြားစီရယ်လို့ ယူဆပြောဆိုနေခြင်းဖြစ်ပါတယ်။ ပြုလုပ်ခြင်း “ကံ”ဆိုတဲ့အထဲမှာ ဉာဏ်၊ ဝီရိယပါဝင်ပေါင်းစပ်မှုမရှိဘဲ မောဟ၊ ဒေါသ၊ မာန စသည်တို့ ပါဝင်ပေါင်းစပ်တဲ့ ပြုလုပ်ခြင်း “ကံ”ကို မကောင်းတဲ့ “ကံ”ရယ်လို့ နားလည်သဘောပေါက်သင့်ပါတယ်။ ဒီတော့မှ ဘုရားရှင်ရဲ့ စကားတော်နဲ့ညီမှာဖြစ်ပါတယ်။ ကောင်းတဲ့ပြုလုပ်မှု“ကံ”ကြောင့် ကောင်းကျိုးရပါတယ်။ မကောင်းတဲ့ပြုလုပ်မှု“ကံ”ကြောင့် မကောင်းကျိုးရမယ်ဆိုတာ ရှင်းရှင်းလင်းလင်း နားလည်ထားရမှာဖြစ်ပါတယ်။ “ကံ”ကို နှိမ့်ချပစ်ပယ်သကဲ့သို့ မပြောမိဖို့ အရေးကြီးပါတယ်။ ဘုရားရှင်ရဲ့စကားကို ပစ်ပယ်ရာကျမှာစိုးလို့ ပြောနေရတာလို့ မှတ်ကြပါ။

■

# စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ

ဘုရားရှင်က "ကံ"ကို ဘယ်လိုဟောကြား အမိန့်ရှိခဲ့သလဲ ဆိုလို့ရှိရင် **"စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"**လို့ ဟောကြားခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ ဘိက္ခဝေ - ချစ်သား၊ ချစ်သမီးတို့၊ **စေတနာ** - စေ့ဆော်တဲ့ သဘောတရားဆိုတဲ့ တရားကို၊ **အဟံ** - ငါသည်၊ **ကမ္မံ** - ပြုလုပ်ခြင်းဟူ၍၊ **ဝဒါမိ** - ဆိုတယ်လို့ ဟောကြားခဲ့ခြင်းဖြစ်ပါတယ်။

ဘုရားရှင် ဟောကြားတော်မူရာ၌ "ကံ"၏အစဖြစ်ရာ အခြေခံဖြစ်ပေါ်ရာ အကြောင်းအရင်း၊ အခြေခံအစကလေးကို ဟောကြားခဲ့တာဖြစ်တယ်။ ဘုရားရှင်ရဲ့ ဉာဏ်တော်ကြီးက အင်မတန်ကြီးမားတဲ့အတွက် **ကံ - ပြုလုပ်ခြင်း**ရဲ့ အစဖြစ်ပေါ်

ရာလေးကို မြင်နိုင်ခဲ့ပါတယ်။ စေတနာဖြစ်ပေါ်လာတာသည် 'ကံ'ဖြစ်ပေါ်စေတာပဲတဲ့။ ဒါကြောင့် စေတနာဟာ ကံလို့ ဘုရားက ဟောကြားခဲ့ပါတယ်။ ဒီနေရာမှာ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီးကလည်း ဘယ်လိုအမိန့်ရှိခဲ့သလဲဆိုတော့ "စေတနာကောင်းရင် 'ကံ'ကောင်းမယ်၊ 'ကံ'ကောင်းရင် ဘဝအကျိုးပေး ကောင်းလိမ့်မယ်၊ စေတနာညံ့ရင် 'ကံ'ညံ့မယ်၊ ဘဝအကျိုးပေးလည်း ညံ့လိမ့်မယ်၊ စေတနာဟာ ကောက်ကွေ့ရင် 'ကံ'ဟာ ကောက်ကွေ့လိမ့်မယ်၊ ဘဝအကျိုးပေးလည်း ကောက်ကွေ့လိမ့်မယ်၊ စေတနာဖြောင့်ရင် 'ကံ'ဖြောင့်လို့ ဘဝအကျိုးပေးလည်း မြင့်မြတ်လို့ရှိရင် 'ကံ'မြင့်မြတ်လို့ ဘဝအကျိုးပေးလည်း မြင့်မြတ်လိမ့်မယ်"လို့ ဟောကြားခဲ့တယ်။

အဲဒီအဆုံးအမသည် စေတနာကိုသာ နားလည်သဘောပေါက်ပါက ကိုယ့်ဘဝကို ကြိုက်သလိုဖန်ဆင်းနေလို့ရတယ်လို့ အမိန့်ရှိခဲ့ခြင်းဖြစ်ပါတယ်။ သေချာမှတ်သားကြဖို့ လိုပါတယ်။ စေတနာဟာ လောကအတွက် အသုံးချလို့ရမယ့် အရာတစ်ခုလို့ မှတ်ခဲ့ကြပါ။

# "ချမ်းသာ" ၏   အသမုတ်ခံသဘောတရား

အဲဒီအတွက် စေတနာဖြစ်ပေါ်ပုံအစကို ရှာရာမှာ ဘယ်ကစပြီး ရှာရမလဲလို့ စဉ်းစားကြပါ။ ဒီနေရာမှာ သတ္တဝါတိုင်း၊ သတ္တဝါတိုင်း ဘာကို တောင့်တကြလဲလို့ စဉ်းစားကြရမယ်။ တောင့်တတာတွေ အားလုံးပေါင်းလိုက်ရင် '**ချမ်းသာ**' ဆိုတဲ့ အဖြေတစ်ခုပဲ ရမယ်။ '**ချမ်းသာ**' ကို တောင့်တတယ်လို့ မှတ်ကြပါ။ မြတ်စွာဘုရားရဲ့စကားဆိုတာ ငြင်းစရာမရှိဘူးနော်။ ဘုရားရဲ့ ဉာဏ်တော်ကြီးကို ကြည်ညိုရင်းနဲ့ အားလုံးသည် ချမ်းသာကို တောင့်တကြတယ်လို့ မှတ်ပါ။ ဒီတော့ကာ ဘုန်းကြီးက မေးခွန်းတစ်ခု ထုတ်ပါ့မယ်။ ကိုယ့်ကိုယ်တိုင်လည်း စဉ်းစားကြပါ။ 'ချမ်းသာ'ဆိုတဲ့စကားကို သုံးနှုန်းနေကြ